ဖီလာဒဲလ် ဖီးယား ပညာရေးဝန်ကြီးဌာန

# Southwark မူလတန်းကျောင်း

*"အပြုံးတစ်ခု ဆိုတာ ဘယ်ဘာသာစကားမှာမဆို တူညီတဲ့ အရာဖြစ်သည် "*

***Mr. Andrew Lukov** ကျောင်းအုပ်ကြီး*

1835 South 9th Street Philadelphia, PA 19148
Phone: 215-952-8606 FAX: 215-952-8670

## Southwark မူလတန်းကျောင်း၏ အခြေခံ သတင်းအချက်အလက်

### မိဘ/အုပ်ထိန်းသူများ၏ ဝတ္တရားများ၊

- Southwark ကျောင်း၏ စည်းမျဉ်း၊ စည်းကမ်းများ ကို သင့်ကလေးနှင့် အတူ ပြန်လည် သုံးသပ်ပါ။
- လိပ်စာ သို့မဟုတ် ဖုန်းနံပါတ် အပါအဝင် အပြောင်းအလဲများ ရှိခဲ့ပါက Southwark ကျောင်းကို အသိပေးပါ။
- လက်ရှိ အရေးပေါ် အဆက်အသွယ်လုပ်နိုင်မည့်သူများ စာရင်းအား Southwark ကျောင်းတွင် ပေးပါ။
- သင့်ကလေး/ကလေးများအား နေ့စဉ် အချိန်မှန်မှန် ကျောင်းတက်စေပါ။
- အကယ်၍ သင့်ကလေးကို နေ့စဉ်လာကြိုမည် ဖြစ်ပါက အချိန်မှန် လာကြိုပါ။
- ကျောင်းပျက်ကွက်ခဲ့ပါ က (၃)ရက်အတွင်း ကျောင်းပျက်ကွက်ရသည့် အကြောင်းအရင်း (ခွင့်တိုင်စာ) ကို တင်ရမည် ဖြစ်သည်။
- သင့်ကလေး/ကလေးများအား သတ်မှတ်ထားသည့် ကျောင်းဝတ်စုံများ ကို ဝတ်ဆင်စေပါ။
- သင့်ကလေးသည် ကျောင်းလွယ်အိတ်နှင့် ကျောင်းသုံးစာရေး ကိရိယာများကို နေ့စဉ် ကျောင်းသို့/ကျောင်းမှ ထည့်လာစေပါ။
- ရီပို့ဒ်ကဒ် (စာမေးပွဲ မှတ်စာရင်းပေးခြင်း) နှင့် အရေးကြီးသည့် ဆွေးနွေးပွဲများတွင် မိဘအနေနဲ့ တက်ရောက်ပါ။
- ကျောင်းအိမ်စာများကို ပြီးမြောက်အောင် လုပ်ဆောင်စေဖို့ နှင့် ဆရာ/မများ ထံ မှ အမှာစာ ပါ မပါကို နေ့စဉ် စစ်ဆေးပေးပါ။

### လက်ကိုင်ဖုန်း အသုံးပြုခြင်းနှင့် ပတ်သက်သည့် စည်းကမ်းများ။

- လက်ကိုင်ဖုန်း သုံးသည့် ကျောင်းသူ/သားများကို တွေ့ရှိပါက (သို့) သိရှိပါ က ဖုန်း အသိမ်းခံရမည်။
- **ပထမအကြိမ် ဒဏ်ပေးခြင်း** - ဖုန်း(များ)ကို ကျောင်းချိန်အတွင်း တစ်နေကုန် အသိမ်းခံရ၍ ကျောင်းဆင်းချိန်တွင် ပြန်ပေးမည်။
- **ဒုတိယအကြိမ် ဒဏ်ပေးခြင်း** - ဖုန်းကို ကျောင်းအုပ်ကြီးထံ အပ်နှံ၍ မိဘ/အုပ်ထိန်းသူများ၌သာလျှင် ပြန်ပေးမည်။
- **တတိယအကြိမ် ဒဏ်ပေးခြင်း** - Southwark ကျောင်းပိုင် ပစ္စည်းအဖြစ် သိမ်းဆည်း ခံရမည်။

### စေတနာ့ ဝန်ထမ်း/ လုပ်အားပေးခြင်း၊

- Southwark သည် လူမှုအဖွဲ့အစည်းအတွင်းမှ စေတနာ့ ဝန်ထမ်း/ လုပ်အားပေး အဖြစ်ပါဝင်လိုသည့် သူများကို လှိုက်လှဲစွာ ကြိုဆိုပါသည်။
- စေတနာ့ဝန်ထမ်း/ လုပ်အားပေးမည့်သူများသည် အစိုးရမှ ခွင့်ပြုစာရွက်များ ရယူရန် လိုအပ်သည်။
- ကျောင်းအုပ်ကြီးသည် အလုပ်တာဝန်များကို စီစဉ်ပေးမည် ဖြစ်သည်။

### ကျောင်း လေ့လာရေးခရီးတိုများ၊

- မိဘသည် ခွင့်ပြုစာစောင်တွင် လက်မှတ်ရေးထိုးရန် လိုအပ်သည်။
- ဖုန်းဖြင့်ခေါ်ဆိုခြင်း နှင့် ဖုန်းမှ ရေးပို့သော စာများသည် လက်ခံနိုင်သော ခွင့်ပြုချက်များ မဟုတ်ပါ။
- လက်မှတ်ရေးထိုးထားသော ခွင့်ပြုစာစောင် မရှိပါက မည်သည့်ကလေးကို မှ ကျောင်းလေ့လာရေးခရီးတိုတွင် လိုက်ခွင့်မပြုပါ။

- ခရီးတို/ လေ့လာရေးခရီးတွင် ကြီးကြပ်ရန် လိုက်ပါသည့် လူကြီး/မိဘများသည် ကလေးများအား သူ/သူမ၏ ကိုယ်ပိုင်ကားဖြင့် ကြိုပို့လုပ် ရန်ခွင့်မပြုပါ။
- Southwark ကျောင်းသူ/သား မဟုတ်ပါက ကျောင်း၏ ကွင်းဆင်း/ လေ့လာရေး ခရီးတိုများတွင် ပါဝင်ခွင့်မပြုပါ။

**ကျောင်းသို့အလည်အပတ်လာခြင်း၊**

- မိဘများသည် ပင်မရုံးမှ ခွင့်ပြုချက် ရယူရန်လိုအပ်သည်။
- မိဘများသည် စာသင်ခန်းသို့ တိုက်ရိုက်သွားရောက်ခွင့်မရှိပါ။
- အလည်လာစဉ်တွင် မိဘများသည် စာရင်းသွင်းလက်မှတ်ထိုးပြီး ဧည့်သည်ခွင့်ပြုကဒ် ကို တပ်ဆင်ထားရန်လိုအပ်သည်။
- မိဘများသည် မိမိ သား/သမီးမှ လွဲ၍ မည်သည့်အကြောင်းပြချက်ကြောင့်မဆို အခြားသူ၏ကလေးအနီးသို့ ချဉ်းကပ်ရန် ခွင့်မပြုပါ။
- အခြားသူ၏ကလေးအတွက် သင်စိုးရိမ်ပူပန်မှု တစ်ခုခုရှိပါခဲ့က Southwark ကျောင်းဝန်ထမ်း တစ်ဦးဦးအား အကြောင်းကြားပါ။

**ဓါတ်ပုံရိုက်ခြင်း၊**

- ကျောင်းသူ/သားများ၏ ဓါတ်ပုံများကို တစ်နှစ်ပတ်လုံး ရိုက်ကူးလျက်ရှိသည်။
- ထိုသို့ ကလေးများအား ဓါတ်ပုံရိုက်ကူးခြင်းကို ခွင့်မပြုပါက မိဘများသည် ကျောင်းအုပ်ကြီးထံ စာဖြင့်ရေးသား အကြောင်းကြားရမည်။

# Southwark အခြေခံပညာမူလတန်း ကျောင်း၏ ဝန်ဆောင်/လုပ်ဆောင်ပေးမှုများ

## ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ

- အချိန်ပိုင်း သူနာပြုသည် ကျောင်းတွင် တစ်ပတ်လျှင် (၂)ရက်ရှိပါသည်။
- ကျောင်းသူ/သားတိုင်းသည် အကြားနှင့်အမြင်(မျက်စိ နှင့် နား) စစ်ဆေးမှုကို ခံယူရလိမ့်မည်ဖြစ်သည်။
- အချို့သော အရေးပေါ်အခြေအနေများအတွက် လိုအပ်သည့် ရှေ့ဦးသူနာပြုစုခြင်းများ ရနိုင်ပါသည်။
- ရက်တို သောက်သုံးရန် လိုသည့် ဆေးဝါးများကို မိဘထံမှစာတစ်စောင်နှင့် အတူ ဆေးညွှန်းကပ်ထားသည့်ပုလင်းနဲ့ ထည့်ပေးရန်ဖြစ်သည်။
- ရက်ရှည် သောက်သုံးမည့် ဆေးဝါးများကို ကျွမ်းကျင်သည့် ဆရာဝန်တစ်ဦးထံမှ စနစ်တကျ စာဖြင့်ရေးသားဖေါ်ပြထားသည့် ခွင့်ပြုချက်ပါမှသာ လက်ခံမည်ဖြစ်သည်။
- ကျောင်းသားများသည် ကျောင်းတွင် မည်သည့်ဆေးဝါးမှ လက်ဝယ်ထားရှိခွင့်မရှိပါ။

## အကြံပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုများ

- ကျောင်း၏အကြံပေးပုဂ္ဂိုလ်သည် ကျောင်းသူ/သားများကို တစ်ဦးချင်းသော်၎င်း၊ အဖွဲ့လိုက်သော်၎င်း၊ ကိုယ်ရေးကိုယ်တာ၊ လူမှုရေး (သို့) ကျောင်းနှင့်ပတ်သက်သော ကိစ္စရပ်များအပေါ် အဓိကထား၍ အကြံပေးမှုများ ဆောင်ရွက်ပေးနေပါသည်။
- အနိုင်ကျင့်ပြုမှု ခြင်း/ဒုက္ခပေး နောက်ယှက်ခြင်းများကို ကျောင်း၏အကြံပေး ပုဂ္ဂိုလ်ထံ အကြောင်းကြားထား သည်။
- ကျောင်း၏အကြံပေးပုဂ္ဂိုလ်သည် ၎င်းအနိုင်ကျင့်ခြင်း/ဒုက္ခပေး နောက်ယှက်ခြင်းများကို စုံစမ်းစစ်ဆေးပြီး ထိုကိစ္စအတွက် အနိုင်ကျင့်ခံရသူကိုလည်းကောင်း၊ အနိုင်ကျင့်သူကိုသော်လည်းကောင်း ဆွေးနွေးအကြံပြုပေးနေပါသည်။
- ကျောင်း၏အကြံပေးပုဂ္ဂိုလ် သည် ကလေးများအကြားရှိ ပြဿနာများကို ကျောင်းဆရာ/မများ၊ မိဘများနှင့် လူမှု အသိုင်းအဝိုင်း မှ လုပ်ဖော်ကိုင်ဖက်များနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါသည်။
- ကျောင်း၏အကြံပေး ပုဂ္ဂိုလ်သည် ကျောင်းခေါ်ချိန်များ စစ်ဆေးခြင်းနှင့် အခြား ကျောင်းခေါ်ချိန်နှင့် ပတ်သက်၍ တိုင်ပင်စရာ ဆွေးနွေး ကိစ္စများရှိခဲ့ပါက မိဘများအား ဆက်သွယ်ပါလိမ့်မည်။
- မိသားစုများကို ကူညီပေးရန် ဘာသာစကားနှစ်မျိုးပြောတတ်သော (ဘာသာပြန်) လက်ထောက်အကြံပေး ပုဂ္ဂိုလ်များလည်း နေ့ရက်အလိုက် ရရှိနိုင်ပါသည်။
- မည်သည့်အချိန်တွင်မဆို သင့်ကလေးအတွက် ပူပန်စရာများ၊ တိုင်ပင်ဆွေးနွေးစရာများရှိပါက အကြံပေးဝန်ထမ်းများ ထံ ကျေးဇူးပြု၍ ဆက်သွယ်ပါ။ အကြံပေးပုဂ္ဂိုလ်နှင့် ဘာသာစကားနှစ်မျိုးပြောသည့် အကြံပေးဝန်ထမ်းများသည် ကျွန်ုပ်တို့၏ မိသားစုများနှင့် ကျောင်းသူ/သားများကို ထောက်ပံ့ကူညီပေးရန် ဤနေရာတွင်ရှိနေပါသည်။

## စကားပြန် ဝန်ဆောင်မှုများ

- ဝန်ထမ်းတိုင်းသည် Pacific Interpreters (ပစိဖိစ် ဘာသာပြန် ဝန်ဆောင်မှု ဌာန) မှ တစ်ဆင့် တယ်လီဖုန်းဖြင့် စကားပြန်ရယူ နိုင်သည်။
- ဘာသာစကား (၂၀၀) ကျော်အတွက် ချက်ခြင်းစကားပြန်ပေးမှုရနိုင်ပါသည်။
- ဤဝန်ဆောင်မှုသည် မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးမှု၊ ဖုန်း စပီကာမှ တဆင့် သို့မဟုတ် သင့်ထံ သုံးလိုင်းပြိုင် တယ်လီဖုန်း ခေါ်ဆိုခြင်းများ အတွက် အသုံးပြုနိုင်ပါသည်။

## နံနက်စာ/ နေ့လည်စာ

- အာဟာရနှင့် ပြည့်စုံသည့် နံနက်စာ နှင့် နေ့လည်စာကို အခမဲ့ ကျောင်းသူ/သားတိုင်း ရရှိနိုင်ပါသည်။
- နံနက်စာကို ကျောင်းထမင်းစားခန်းတွင် နံနက် (၈) နာရီတွင် ကျွေးပါသည်။
- နေ့လည်စာကို အားလုံးအတွက် အဆင်ပြေ ချောမွေ့စွာ စားသုံးနိုင်ရန် ကျောင်းသူ/သားများသည် -
  - ❖ သူတို့အတွက် သတ်မှတ်ထားသော စားပွဲတွင် ထိုင်နေရပါမည်။
  - ❖ နေ့လည်စာ စားသုံးရန် သူတို့ အလှည့် ခေါ်/ရောက်သည်အထိ ထိုင်နေရပါမည်။

- စားပွဲများကို စနစ်တကျ ပြန်လည် ထားခဲ့ရပါမည်။
- စားကြွင်း၊ စားကျန် အမှိုက်သရိုက်များ အားလုံးကို အမှိုက်ပုံးထဲသို့ ထည့်ရပါမည်။
- နေ့လည်စာ စားချိန် တစ်ချိန်လုံး ထမင်းစားခန်းထဲတွင် နေရပါမည်။
- စားပွဲ အလိုက် သွား/ထွက် ခွင့်ပြုချိန်အထိ စောင့်ရမည်။
- ရေဒီယိုများ၊ နားကျပ်များ၊ ပေဂျာများ (pagers)၊ လက်ကိုင်ဖုန်းများ၊ အီလက်ထရွန်းတစ် ဂိမ်းများ (electronic games) သို့မဟုတ် ကစားစရာ အရုပ်များကို ထမင်းစားခန်းထဲတွင် သို့မဟုတ် အခြားကျောင်းအဆောက်အဦးထဲတွင် ယူ/သယ်ဆောင် ခွင့်မပြုပါ။